ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (11-2-2007) (၅၂၁၀)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှုစွမ်းအားအပေါ် တည်မှီနေ



တိုင်းရင်းသားလူမျိုးအားလုံး လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်း သာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ထက်မြက်မှုစွမ်းအားတို့အပေါ်၌ လုံးဝ ဥဿုံ တည်မှီလျက်ရှိသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ်အာမာဒိန်နိဂျက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)





# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲတက်ရောက် ရဲနွယ်ဘက်စုံစီမံကိန်းသည် လျှပ်စစ် ၂၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့်အပြင် လယ်မြေဧက ၁ သောင်း ၁၈ သိန်းခန့်ကို ရေပေးနိုင်

**နိုင်ငံတော် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးကြစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၁-၂-၂၀၀၇
(တနင်္ဂနွေနေ့)

## ဆေးသုတေသနနှင့် ကုသရေးနယ်ပယ် ချိတ်ဆက်အသုံးပြု

(၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီလ ၆ ရက်နေ့မှစ၍ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ကျင်းပခဲ့သည်။

အဆိုပါဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်း ၃၈ စောင်၊ ပိုစတာများနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ခြင်းဆိုင်ရာဆွေးနွေးပွဲ၊ ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြသည်။

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့သည် အရည်အသွေး အဆင့်အတန်း ပိုမိုမြင့်မားပြီး ခေတ်နှင့်ရင်ပေါင်တန်းနိုင်သည့် အဖွဲ့အစည်းဖြစ်စေရန် ကြိုးပမ်းလျက်ရှိရာ ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများတွင် ဟန်ချက်ညီညီ တိုးတက်စေရေး အားထုတ်ဆောင်ရွက်လျက်ရှိသည်။

ကုသရေးနယ်ပယ်တွင် နှလုံးရောဂါဆိုင်ရာ အဆင့်မြင့်ရောဂါရှာဖွေစစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှု၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှု၊ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ ပြုလုပ်လျက်ရှိသည်။ ထို့အပြင် အစာအိမ်သည်းခြေလမ်းကြောင်းဆိုင်ရာရောဂါများ ရှာဖွေကုသခြင်း၊ မျက်စိရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသခြင်း၊ အရိုး၊ မျက်နှာနှင့်ခံတွင်း၊ မေးရိုးဆိုင်ရာ အဆင့်မြင့်ကုသခြင်းနှင့် မီးယပ်ရောဂါတို့ကိုလည်း ကုသပေးလျက်ရှိသည်။

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို အစဉ်တစိုက် ကျင်းပလျက်ရှိရာ သုတေသနစာတမ်းများနှင့် တင်ပြချက်အသွင်အမျိုးမျိုးမှ ပေါ်ထွက်လာသည့် အကြောင်းအရာအချက်အလက်များသည် ဆေးပညာရပ် ပိုမိုတိုးတက်မြင့်မားရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

သို့ဖြစ်၍ ဆေးသုတေသနလုပ်ငန်းများကို ဘာသာရပ် တစ်ခုချင်းအထူးအလေးထား၍ သုတေသနပြု ကြိုးပမ်းကြခြင်းဖြင့် ကုသရေးနယ်ပယ်နှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အချိတ်အဆက်မိမိ ပိုမိုထိရောက်စွာ အသုံးပြုသွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။



ပဲခူးတိုင်း တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အုန်းခင်(ရွှေနှင်းဆီဆေးလိပ်ခုံပိုင်ရှင်)က တိ-နိတောင်ငူအဖွဲ့၏ အစီအစဉ်ဖြင့် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီးအတွက် ထာဝရဆေးပဒေသာပင် ကျပ်သိန်း ၇၀၀ ကို လှူဒါန်းရာ တိ-နိပင်မအဖွဲ့ အတွင်းရေးမှူး ဦးကျော်မြင့်က လက်ခံရယူပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဣန္ဒပါလနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာ လင်္ကာရဆရာတော်များ ရှေ့မှောက်၌ ရေစက်ချအနုမောဒနာတရား နာယူကာ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အဖျောက်မြို့ ဓာတ်အားလိုင်းဖွင့်ပွဲနှင့် တိုက်နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား၊ စိုက်ခင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ (၁၁)ကေဗွီအေ ဓာတ်အားလိုင်းဖွင့်ပွဲနှင့် အဖျောက်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံဓာတ်မှန်ဆောင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**







**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ (၁၁)ကေဗွီအေ ဓာတ်အားလိုင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ အဖျောက်မြို့ (၁၁) ကေဗွီအေ ဓာတ်အားလိုင်းဖွင့်ပွဲ အခမ်းအနားကိုမွန်းလွဲ ၁ နာရီတွင် အဆိုပါ ဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနား မုခ်ဦးရှေ့၌ ကျင်းပရာ အစီအစဉ်အရ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဗိုလ်မှူးကြီးခင်မောင်စိုး၊တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့ကဖွင့်ပွဲအခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက(၁၁)ကေဗွီအေဓာတ်အားလိုင်း၏ ဓာတ်အားပေးမိန်းခလုတ်ကိုနှိပ်၍ ဓာတ်အားလိုင်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက ယာယီမဏ္ဍပ်၌ ဓာတ်အားလိုင်းဖွင့်ပွဲ အထိမ်းအမှတ်အမှာစကားပြောကြားသည်။

ထို့နောက် အဖျောက်မြို့ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသင်းကြူက ဓာတ်အားလိုင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဗိုလ်မှူးကြီးခင်မောင်စိုးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒေသခံပြည်သူ တစ်ဦးက ဓာတ်အားလိုင်းဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အဖျောက်တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ဆေးရုံဓာတ်မှန်ဆောင်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က ဓာတ်မှန်ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဆေးရုံဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ အလှူငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ အလှူငွေ ကျပ်ခုနစ်သိန်းတို့ကို တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စေတနာရှင်ပြည်သူများက ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၅၄၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဓာတ်မှန်ဆောင် ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသန်းစိုးက ဓာတ်မှန်ဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုကြပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ တိုက်ကြီးမြို့နယ် ချောင်းသုံးခွကျေးရွာအနီးရှိ မတ်ပဲ၊ နေကြာ၊ သီးညှပ်စံပြစိုက်ခင်း၊ စိုက်ခင်းအတွင်း ဇီဝစူပါအရွက်ဖျန်း မြေဩဇာ အရည် ပက်ဖျန်းနေမှု၊ တိုက်ကြီးမြို့နယ် ကျိုက်စတိုင်းကျေးရွာရှိ နွေစပါးစံပြစိုက်ကွင်း၌ ကျင်းပသည့် သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောစပ်သုံးစွဲခြင်း နည်းပညာပေးပြပွဲနှင့် စုပေါင်းကြပ်ပက်ပွဲသို့ တက်ရောက်၍ ဒိုချက်ကင်း သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောစပ်ကြပ်ပက်နေမှုနှင့် စံပြစမ်းသပ်ကွက်များနှင့် တိုက်ကြီးမြို့နယ် အင်းယက်ကြီးကျေးရွာရှိ တောင်သူ ဦးအောင်ချစ်၏ ကြက်သွန်စံပြစိုက်ခင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အခြေခံတိုင်းရင်းဆေးပညာ လက်မှတ်ချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်၌ တိုင်းရင်းဆေးပညာ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက စနစ်တကျဆောင်ရွက်လျက်ရှိရာ ဆေးတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဆရာဝန်သစ်လွင်များအနေဖြင့် အခြေခံတိုင်းရင်းဆေးပညာ၏ တန်ဖိုးကို သိရှိနားလည်နိုင်ရန် ရည်ရွယ်၍ ဆေးတက္ကသိုလ်များ၏ တတိယနှစ် အမ်ဘီဘီအက်စ်တွင် အခြေခံ တိုင်းရင်းဆေးပညာဘာသာရပ် သင်ကြားပို့ချပေးလျက်ရှိသည်။

ပထမဆုံးအကြိမ်အဖြစ် အခြေခံတိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်း လက်မှတ်ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော ဆေးတက္ကသိုလ် (၂) ရန်ကုန်၏(၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးပညာဘွဲ့အပ်နှင်းခံရသူများအား ပါမောက္ခချုပ် ဒေါက်တာဒေါ်သန်းနုရွှေက တစ်ပါတည်း ချီးမြှင့်သည်။

အဆိုပါ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဆေးပညာဘွဲ့ရရှိသူ ၁၃၆ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူ ၃၃ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ သုံးဦးအား ဘွဲ့အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းညွန့် ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။** (ပညာရေး)

## ရာမညနိကာယ စာဖြေပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိ စာမေးပွဲကျင်းပရေး ကော်မတီက ကြီးမှူး၍ မော်လမြိုင်မြို့ စစ်ကဲကုန်း ရပ်ကွက်ရှိ သာသနာ(၂၅၀၀) သာသနာ့ဗိမာန်တော်၌ ပရိယတ္တိစာမေးပွဲ၊ ငွေရတုအထိမ်းအမှတ် ရာမညနိကာယ စာဖြေပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ မူလတန်း၊ အလယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့၌ စာဖြေသံဃာတော်အပါး ၁၁၀၀ ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

စာဖြေပွဲသို့ ကြွရောက်တော်မူကြမည့် နာယက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာဖြေသံဃာတော်များအား ဆွမ်း၊ ကွမ်း ဝေယျာဝစ္စလှူဒါန်းလိုသူများသည် စာဖြေပွဲကျင်းပရေးကော်မတီနာယက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ ၂၅၀၀ ဦးစီးပဓာန နာယက ဘဒ္ဒန္တတေဇနိယ ဖုန်း-၀၅၇-၂၄၀၇၊ စာဖြေပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအောင် ဖုန်း-၀၅၇-၂၅၅၀၁ နှင့် ဘဏ္ဍာရေးမှူး ဦးမောင်ရောင်း ဖုန်း-၀၅၇-၂၅၇၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရုပ်ရှင်နှင့်ပြဇာတ်ပညာ ဘွဲ့ကြိုသုံးနှစ်သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ရုပ်ရှင်နှင့်ပြဇာတ်ပညာ ဘွဲ့ကြိုသုံးနှစ်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပို့ချခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်အေးအေးနွယ်က သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ရုပ်ရှင်နှင့်ပြဇာတ်ပညာ သင်တန်းဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**၆၅ ဦး တက်ရောက်**

ရုပ်ရှင်နှင့်ပြဇာတ်ပညာ ဘွဲ့ကြိုသုံးနှစ်သင်တန်း၌ စီစဉ်ညွှန်ကြားမှုပညာ (Directing)၊ သရုပ်ဆောင်ပညာ (Acting)၊ တည်းဖြတ်ပညာ (Editing)၊ ဇာတ်ညွှန်းပညာ (Script Writing) နှင့် ရုပ်ရှင်ဓာတ်ပုံပညာ (Cinematography) ဘာသာရပ်များကို အထူးပြု၍ စာပေဘာသာရပ်များနှင့်အတူ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၆၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် လှိုင်မြို့နယ် (၉) ရပ်ကွက် ကန်လမ်းနေ ဒေါက်တာခင်မြသွင်နှင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်း မြင့်တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများနှင့် နည်းပြဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြချုပ်နှင့် တာဝန်ရှိသူများ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ အရာရှိ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၃၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၂၂၀ အတွက် ဖေဖော်ဝါရီ ၅ ရက်က မုဒုံမြို့ ဘိုးဘွားရိပ်သာ လေ့လာရေးခရီးစဉ်အဖွဲ့ခေါင်းဆောင် (ဘိုးဘွားရိပ်သာစာရင်းကိုင်) ဒေါ်လှလှချိုက လက်သုတ်ပဝါများ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) လက်ခံယူစဉ်။** (က-ပ)

## U CAN Floating Restaurant မိသားစု၏ စာနယ်ဇင်းများနှင့် မိတ်ဆက်ညှိခံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

U CAN Floating Restaurant မိသားစု၏ စာနယ်ဇင်းများနှင့် မိတ်ဆက်ညှိခံပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါးတန်းဖောတံတား (၁-၂)ရှိ အဆိုပါ မိသားစု၏ ရေပေါ်စားသောက်ဆိုင်၌ ကျင်းပသည်။

မိတ်ဆက်ညှိခံပွဲ သို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိစာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ U CAN Floating Restaurant မိသားစု ဒါရိုက်တာ ဦးတင့်ဆွေက U CAN Floating Restaurant အကြောင်းကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ညှိသည်များသည် U CAN Floating Restaurant ၏ Deck-1, Deck-2 နှင့် မွမ်းမံခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုကြရာ ဒါရိုက်တာ ဦးတင့်ဆွေက လိုက်လံရှင်းလင်းပြသပြီး မိတ်ဆက်ပွဲကို ရုပ်သိမ်းလိုက်သည်။

U CAN Floating Restaurant မိသားစု၏ 'မြန်ကောင်းသက်သာ U CAN မှာ' ဟူသော ဆောင်ပုဒ်နှင့်အညီ တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ စားဖိုမှူးကြီးများ၏ အရသာထူးကဲလှသော ဟင်းလျာများ၊ Soup မျိုးစုံ၊ Noodles & Dimsum၊ သန့်ရှင်းလတ်ဆတ်သော ပင်လယ်စာနှင့် Steamed(or) B.B. Q၊ Menu Order ဟင်းလျာများနှင့် ယမကာမျိုးစုံ၊ Freshness Cafe၊ Cake & Bakery တို့ကို နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေး သုံးဆောင်နိုင်သည့်အပြင် သန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ရင်း ရန်ကုန်မြို့၏ နေဝင်ဆည်းဆာအလှနှင့် ည၏ သဘာဝအလှများကိုပါ ကြည့်ရှုခံစားနိုင်မည် ဖြစ်သည်။

ထိုအပြင် မင်္ဂလာညှိခံပွဲ ကျင်းပလိုသူများအတွက် ညှိသည်ဦးရေ ၅၀၀ ဆံ့ Ball Room နှင့် ကျယ်ဝန်းပြီး လုံခြုံစိတ်ချရသော Car Parking များကိုပါ စီစဉ်ထားရှိပြီး မင်္ဂလာညှိခံပွဲအတွက် Ball Room စရိတ်အခမဲ့အပြင် ညှိခံပွဲတိုင်း၌ Uncle Bird Cake 1 Kg ကို မေတ္တာလက်ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**U CAN Floating Restaurant မိသားစု၏ စာနယ်ဇင်းများနှင့် မိတ်ဆက်ညှိခံပွဲတွင် ဒါရိုက်တာ ဦးတင့်ဆွေ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)





## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၁-၂-၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | ဆရာတော်ဦးဃောသိတတရားတော် -သခ်ိတမှအသခ်ိတသို့ |
| ၉:၁၅ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၆ | ၁၃။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -နွေဦးအပြုံး** |
| ၁:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မုန်တိုင်းကြားကချစ်လိပ်ပြာ (အပိုင်း-၈)** |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | English Premier League **ဘောလုံးပွဲ** -Arsenal Vs Wigan Althletic (Live) |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၂-၂၀၀၇ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4၊ အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | နေ့စဉ်သုံးတရားတော် (သီတဂူဆရာတော်) |
| ၈:၀၅ | ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း) |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၉:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ | မြန်မာ့စပီရှုလိုင်းနား |
| ၉:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၀ | သျှားညို၏စိတ်ကူးအနုပညာ (Found Happening Project) |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀:၃၀ | တေးဂီတအစီအစဉ် |
| ၁၀:၃၅ | ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား(အခြေခံ) (လက်ကိုင်ပုံနည်းစနစ်နှင့် လွှဲချက်တစ်ဝက်ဖြင့် စတင်ခြင်း၊ ဂရင်းပေါ်သို့ အနိမ့်ပစ်တင်ခြင်း) |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၀ | ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | မိသားစုတနင်္ဂနွေ (Relaxation Zone) |
| ၁၁:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၅၀ | ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာရောဂါအကြောင်း မေးမြန်းခန်း) (ဒေါက်တာ ချစ်စိုး) |
| ၁၂:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀ | မှီအသားမျှင်တစ်သျှုး မျိုးပွားနည်း |
| ၁၂:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | လှပတင့်တယ်ကယားရိုးရာ ရက်ကန်း အထည် |
| ၁၂:၅၀ | တေးဂီတအစီအစဉ် |
| ၁၂:၅၅ | ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၀၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၇:၃၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports(Live) |
| ၁၀:၀၀ | Bolton-Fulham | 5-Sports(Live) |
| ၁၀:၂၅ | Arsenal-Wigan | 5-Sports(Live) |

### Series A ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၃၀ | Chievo-Inter Milan | 5-Series(Live) |
| ၂:၀၀ | Fiorentina-Udinese | 5-Sports(Live) |

# ပိုလန်တပ်ဖွဲ့များ အာဖဂန်နှင့်အီရတ်၌ ရှိနေမှု ပြည်သူ ၈၀ ရာခိုင်နှုန်းက မလိုလားကြောင်းဖော်ပြ

ဝါဆော ဖေဖော်ဝါရီ ၁၀

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ရှိ စစ်မြေပြင်များတွင် ပိုလန်တပ်ဖွဲ့များ တည်ရှိနေသောကိစ္စကို ပိုလန်ပြည်သူ ၈၀ ရာခိုင်နှုန်းနီးပါးက မလိုလားကြောင်း ပီအေပီသတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်သတင်းတွင် ဖော်ပြသည်။

ဖော်ပြပါ လေ့လာမှုစစ်တမ်းကို ပိုလန်ပြည်သူ့သဘောထား ကောက်ခံရေးဗဟိုဌာနက ကောက်ခံလေ့လာခဲ့ခြင်းဖြစ်သည်။ လေ့လာချက်အရ ပိုလန်တပ်ဖွဲ့များ ပြည်ပ၌ရှိနေသည်ကို ထောက်ခံသူဦးရေမှာ ငါးပုံတစ်ပုံမျှသာရှိသည်ဖြစ်ရာ ၂၀၀၃ ခုနှစ်နောက်ပိုင်း အနည်းဆုံး ထောက်ခံမှုနှုန်းထားပင်ဖြစ်သည်ဟုဆိုသည်။ အီရတ်နှင့် အာဖဂန်နိုင်ငံစစ်ပွဲတို့၌ ပိုလန်ပါဝင်ပတ်သက်နေသည့်အတွက် ပိုလန်နိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်သည်ဟု ယူဆသူဦးရေသည် ၇၄ ရာခိုင်နှုန်းအထိ ရှိနေကြောင်းတွေ့ရသည်။ စစ်တမ်းတွင်ပါဝင်သူ ၂၀ရာခိုင်နှုန်းကသာ အကြမ်းဖက်မှုကိစ္စများ ပြည်တွင်း၌ ပေါ်လာမည်မဟုတ်ဟု ယူဆကြသည်။

ပိုလန်တပ်ဖွဲ့များကို အီရတ်နိုင်ငံ၌ ၂၀၀၇ ခုနှစ်ကုန်အထိ ဆက်လက်ထားရှိသွားမည်ဆိုသည့် ဆုံးဖြတ်ချက်ကို ပိုလန်သမ္မတ လခ်ကာဇင်စကီးက ၂၀၀၆ ခုနှစ်ဒီဇင်ဘာတွင် ကြေညာခဲ့သည်။ လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံ၌ ပိုလန်တပ်ဖွဲ့ဝင်အင်အား ၉၀၀ ခန့်ရှိနေသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**



ဂျပန်နိုင်ငံ ကာတာနီးယားမြို့တွင် ရဲတပ်ဖွဲ့က သိမ်းဆည်းရမိသော မီးရှူးမီးပန်းနှင့် ဗျောက်အိုးများကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဟန်ဂေရီနိုင်ငံရှိ အကျဉ်းထောင်အချို့ကို ဟိုတယ်အဖြစ်သို့ ပြောင်းလဲမည်

ဘူဒါပက် ဖေဖော်ဝါရီ ၁၀

ဟန်ဂေရီနိုင်ငံရှိ အချို့သော အကျဉ်းထောင်များကို ဟိုတယ်များအဖြစ်သို့ ပြောင်းလဲရန် စီစဉ်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဟန်ဂေရီဘတ်ဂျက်အသုံးစရိတ်တွင်လိုငွေပြမှုကိုဖြေရှင်းနိုင်စေရန်လည်းကောင်း၊ လူပြည့်ကျပ်နေသည့် အကျဉ်းထောင်အချို့ကို အကျဉ်းထောင်အသစ်များဖြင့် အစားထိုးနိုင်ရန်လည်းကောင်း အကျဉ်းထောင်ဟောင်းများကို ရောင်းချမည်ဖြစ်သည်။ ဟန်ဂေရီမြို့လယ်ရှိအကျဉ်းထောင်များကို ဝယ်ယူရန် စပိန်ကုမ္ပဏီတစ်ခုနှင့် ဟန်ဂေရီအစိုးရတို့ ဆွေးနွေးနေပြီဖြစ်သည်။စီယက်အကျဉ်းထောင်သည်ဇီဂျက်မြို့တွင်ရှိပြီး ရောင်းချမည့် အကျဉ်းထောင်ဟောင်းများ စာရင်းတွင်ပါဝင်သည်။

**အမ်အင်အေ၊ ရိုက်တာ။**

# ကြေးမုံ နိုင်ငံခြား သတင်းများ

The Mirror

# ပြည်ပဈေးကွက်သို့ ရွှေတင်ပို့ရောင်းချမှု ဗီယက်နမ်ခွင့်ပြုဖွယ်ရှိ

ဟနွိုင်း ဖေဖော်ဝါရီ ၁၀

ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားငွေရရှိနိုင်ရန်နှင့် ပြည်တွင်းဈေးကွက်တည်ငြိမ်မှုရှိရန် မဝေးသောအနာဂတ်တွင် ပြည်ပသို့ ရွှေတင်ပို့ရောင်းချဖွယ်ရှိကြောင်း ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုသုံးသပ်ရေးစာစောင်က အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

ရွှေတင်ပို့ရောင်းချခြင်းကို ခွင့်ပြုပေးရန် ဗီယက်နမ် ရွှေကုန်သည်များအသင်းက အစိုးရအဖွဲ့ထံ အဆိုပြုတင်ပြထားကြောင်း၊ အကယ်၍ အစိုးရက ခွင့်ပြုပေးပါက ပြည်တွင်းဈေးကွက်တွင် ပိုလျှံနေသောရွှေကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း ယင်းအသင်း၏ဒုတိယဥက္ကဋ္ဌ ငုယင်သန်းက ပြောကြားသည်။

ပြည်ပသို့ ရွှေတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ သန်းပေါင်းများစွာ ဝင်ငွေရရှိနိုင်ကြောင်း၊ ယခုနှစ်တွင် ပြည်တွင်းဈေးကွက်၌ ရွှေပေါက်ဈေးမှာ နိုင်ငံတကာ ဈေးကွက် ပေါက်ဈေးထက် လျော့နည်းမည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ် ၄၅ရက်အတွင်း ပြန်လည်ဖွင့်လှစ်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၁၀

သုဝဏ္ဏဘူမိလေဆိပ်အသစ်ကြီးတွင် ဖြစ်ပေါ်နေသော အကျပ်အတည်းများ အဆင်ပြေသွားစေရန်အတွက် ထိုင်းအာဏာပိုင်များသည် အပြည်ပြည်ဆိုင်ရာလေဆိပ်ဟောင်း ဖြစ်သည့် ဒွန်မောင်း လေဆိပ်ကိုပြန်လည်ဖွင့်လှစ်သွားရန် ဖေဖော်ဝါရီ ၆ ရက်က ဆုံးဖြတ်ခဲ့သည်။

လေဆိပ်အသစ်သုဝဏ္ဏဘူမိကို တည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကုန်ကျခဲ့ပြီး တစ်နှစ်လျှင် ခရီးသည် ၄၅ သန်း ကိုင်တွယ်နိုင်ရန် စီစဉ်ထားသည်။ ထိုင်းဝန်ကြီးအဖွဲ့က လေကြောင်းသွားလာမှုအတွက်ဒွန်မောင်းနှင့် သုဝဏ္ဏဘူမိလေဆိပ် နှစ်ခုစလုံးကို အသုံးပြုသွားရန် ဆုံးဖြတ်ခဲ့ကြသည်ဟု ထိုင်းဝန်ကြီးချုပ် ဆူရာယွတ်ချူလာနွတ်က ပြောကြားသည်။

ဒွန်မောင်းလေဆိပ်ကို ပြည်တွင်းခရီးစဉ်များအတွက်သာမက အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များအတွက်ပါ အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။ လေကြောင်းလိုင်းများအနေဖြင့်ဒွန်မောင်းလေဆိပ်ကို ပြောင်းရွှေ့ အသုံးပြုရာ၌ မသုံးမနေရသောမျိုးမဟုတ်ဘဲ ဆန္ဒအလျောက် ပြောင်းရွှေ့သုံးစွဲခွင့်ပေးထားခြင်းသာဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးသီရာဟိုချာရွန်က ပြောကြားသည်။

ဒွန်မောင်းလေဆိပ်ကို လွန်ခဲ့သော နှစ်ပေါင်း ၉၂ နှစ် အချိန်ကတည်းက လေတပ်စခန်းအဖြစ် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယင်းလေဆိပ်ကို လာမည့် ၄၅ရက်အတွင်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ။**




# အမေရိကန်နိုင်ငံသားတစ်ဦးကို ရိုမေးနီးယားရဲတပ်ဖွဲ့ ဖမ်းဆီး

ဘူခါရက် ဖေဖော်ဝါရီ ၉

ရိုမေးနီးယားတွင်နေထိုင်ပြီး နိုင်ငံတကာ ဖမ်းဝရမ်းထုတ်ပြန်ခံထားရသူ အသက်၆၁နှစ်ရှိ အမေရိကန်နိုင်ငံသားတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း ရိုမေးနီးယား ရဲစစ်ဆေးရေးအဖွဲ့ချုပ်ရုံးက ကြာသပတေးနေ့တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၎င်းသည် မောရစ်ဆေမူဆိုသူဖြစ်ပြီး အမေရိကန်အာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ ရိုမေးနီးယားရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ဘူခါရက် အယူခံရုံး၏ တရားသူကြီးထံသို့ လွှဲပြောင်းပေးသည်။

မောရစ်ဆေမူအား ယာယီဖမ်းဝရမ်း ထုတ်ပြန်ကာ ထိန်းသိမ်းထားသည်။ ၎င်းသည် လာဘ်ထိုးမှု၊ လိမ်လည်မှုတို့ဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်ဟုသတင်းထုတ်ပြန်ချက်၌ပါရှိသည်။

ဆေမူနှင့် အခြား အမေရိကန်နိုင်ငံသားတစ်ဦးတို့သည် အီရတ်နိုင်ငံတွင် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းရရှိရန်အတွက် ၂၀၀၃-၂၀၀၅ခုနှစ်အတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား လာဘ်ထိုးခဲ့သည်ဟုသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

**အိန္ဒိယနိုင်ငံလုပ် အသံထက်မြန်သော ခရုစ်ဒုံးကျည်အချို့အား နယူးဒေလီမှ သယ်ယူရွှေ့ပြောင်းနေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။**(ဓာတ်ပုံ-အင်တာနက်)

# ရုရှားပရိဘောဂစက်ရုံ မီးလောင်၍ ၁၂ဦးသေဆုံး

ယီကာတာရင်ဘတ်(ရုရှား)
ဖေဖော်ဝါရီ ၁၀

ရုရှားနိုင်ငံ ယီကာတာရင်ဘတ်မြို့ရှိ ပရိဘောဂစက်ရုံ၌ ဗုဒ္ဓဟူးနေ့က မီးလောင်မှုဖြစ်ပွားရာ ၁၂ ဦး ထက်မနည်းသေဆုံးကြောင်း ဒေသဆိုင်ရာ အရေးပေါ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

၁၅ နာရီခန့် မီးလောင်ပြီးသည့်နောက် ဗုဒ္ဓဟူးနေ့ နံနက်စောစောပိုင်းတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု ဗိုင်ရိုင်ယန်နီဗာက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**




# လေယာဉ်ပျက် ဒုံးကျည်သစ် အီရန်တပ်ဖွဲ့ စမ်းသပ်ပစ်ခတ်

တီဟီရန် ဖေဖော်ဝါရီ ၁၀

အီရန်တော်လှန်ရေး အစောင့် တပ်ဖွဲ့သည် ရုရှားနိုင်ငံမှဝယ်ယူသည့် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ကာကွယ်ရေးစနစ်သစ်ကို ဗုဒ္ဓဟူးနေ့တွင် စမ်းသပ်ပစ်လွှတ်ကြောင်း အစ္စနာသတင်းဌာနက ဖော်ပြသည်။

အီရန်တော်လှန်ရေးတပ်ဖွဲ့များ၏ ကာကွယ်ရေးမူဝါဒသည် ကာကွယ်ရေးမဟာဗျူဟာပေါ်တွင်အခြေစိုက်ပြီး ယင်းမူဘောင်အတွင်းမှ ခေတ်မီ တော်-အမ် ၁ဒုံးကျည်စနစ်ကို စမ်းသပ်ပစ်ခတ်ရခြင်းဖြစ်သည်ဟု သတင်းဌာနက တော်လှန်ရေး အစောင့်တပ်ဖွဲ့တပ်မှူး ဆလမ်မီကို၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

ကာကွယ်ရေး စွမ်းရည်တိုးမြှင့်ရန် မိမိတို့တပ်ဖွဲ့များကယင်းစနစ်ကို အသုံးပြုခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ယခုစမ်းသပ်သည့် ဒုံးကျည်သည် တိုက်လေယာဉ်ငယ်များကို စက္ကန့်ပိုင်းအတွင်း ပြန်လည်တုံ့ပြန်ပစ်ခတ်နိုင်ကြောင်း ဆလမ်မီကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

**ဖိလစ်ပိုင်နိုင်ငံ စီးဘူးဒေသအနီးပင်လယ်ပြင်သို့ ပျက်ကျသွားသော လေယာဉ်မှ အဖွဲ့သားများအား ကယ်ဆယ်နေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယလက်ရည်စစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ကျင်းပရာ ကံချွန်က ၆၉ချက်ဖြင့် ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် Amateur Golfers များသည် တီခုံ (၁) ၌ နေရာယူကြပြီး တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက စတင်ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

**စတင်ကျင်းပ**

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးနှင့် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးတို့ကလည်း အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဆက်လက်ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Amateur Golfers ပြိုင်ပွဲတွင် ကံချွန်က NETT TOTAL ၆၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဟန်ဝင်းအောင်နှင့် မျိုးသိန်းစံတို့က NETT TOTAL ၇၀ စီဖြင့် ဒုတိယလိုက်နေကြသည်။

**ပံ့ပိုးကူညီ**

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-sponsors များအဖြစ် Air Mandalay၊ Hotel Nikko၊ Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ဒုတိယလက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈နာရီတွင် ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ မြောက်ဥက္ကလာပမြို့နယ်(ည)ရပ်ကွက်၌ ငမိုးရိပ်ရေပိုက်လိုင်း ဆက်သွယ်ပြီးစီးမှု အောင်ပွဲအခမ်းအနားကို မင်္ဂလာဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (၁၉)



## ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာနူချာမိုတာကီထံသို့ သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မဏ္ဍိမဂုဏ်ရည်ဆရာတော် တရားပွဲများကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ မဏ္ဍိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသိုလာဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တကောဝိဒသည် ဖေဖော်ဝါရီ ၁၁ရက်တွင် ဗိုလ်တထောင်ရင်ပြင် ဗုဒ္ဓဝံသရက္ခိတအသင်း၊ ၁၂ ရက်တွင် ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် မလွန်ဆန်လှူအသင်း၊ ၁၃ ရက်မှ ၁၅ ရက်အထိ လပွတ္တာမြို့နယ် ဆုတောင်းပြည့်ဘုရား၊ ၁၆ရက်တွင် ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်၊ ၁၇၊ ၁၈ ရက်တွင် ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၊ ၁၉ ရက်တွင် ပုဇွန်တောင် ရေကျော် (၈)ရပ်ကွက်၊ ၂၀ ရက်တွင် သာကေတမြို့နယ်၊ ၁၀ ရပ်ကွက်၊ ၂၁ ရက်တွင် ပုဇွန်တောင် စက်ဆန်းဝန်ထမ်းရိပ်သာ၊၂၂ရက်တွင် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းမိသားစု၊ ၂၃ရက်တွင် ကျောက်တန်းမြို့နယ်၊ ကံပြောင်ရွာ၊ ၂၄ရက်တွင် သုံးခွမြို့နယ်၊ နန်းမလဲရွာ၊ ၂၅ ရက် ည ၇ နာရီတွင် အင်းစိန်မြို့နယ်၊ ဝါခင်းတောင်ကျောင်း၊ ၂၆ ရက်တွင် ပုဇွန်တောင်မြို့နယ် လယ်တီစံ မဟာစည်သာသနာ့ရိပ်သာ၊ ၂၇ ရက်နှင့် ၂၈ ရက်တွင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်တို့၌ ညစဉ်၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော် မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ငမိုးရိပ်ရေပိုက်လိုင်း ဆက်သွယ်ပြီးစီးမှု အောင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နှင့် (ဌ)ရပ်ကွက်တို့သို့ ငမိုးရိပ်ရေပိုက်လိုင်း ဆက်သွယ်ပြီးစီးမှု အောင်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်သို့ ငမိုးရိပ်ရေပိုက်လိုင်း ဆက်သွယ်ပြီးစီးမှု အောင်ပွဲအခမ်းအနားကို ဝေဘာဂီလမ်းနှင့် ခေမာကျောင်းလမ်းဆုံရှိ မုခ်ဦးဥပစာ၌ နံနက် ၇ နာရီ မိနစ်၂၀တွင် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရေနှင့်သန့်ရှင်းမှု ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးနှင့် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးစိုးခိုင်တို့က မင်္ဂလာအချိန်၌ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ (ဌ)ရပ်ကွက်သို့ ငမိုးရိပ်ရေပိုက်လိုင်း ဆက်သွယ်ပြီးစီးမှု အောင်ပွဲအခမ်းအနားကို ဝေဘာဂီလမ်းနှင့် နှင်းဆီလမ်းဆုံရှိ မုခ်ဦးရှေ့၌ ဆက်လက်ကျင်းပသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နှင့် (ဌ)ရပ်ကွက်တို့သို့ ငမိုးရိပ်ရေပိုက် ဆက်သွယ်ပြီးစီးမှုနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို (ဌ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ (ည)ရပ်ကွက် စည်းရုံးရေးမှူး ဦးစိုးခိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၈၈၀စောင်နှင့် (ဌ)ရပ်ကွက် စည်းရုံးရေးမှူး ဦးသောင်းမြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၆၇၉ စောင်ကို ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။ (၁၉)

**Magallanes သင်္ဘောမှ အမှုထမ်းများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။** (က-ပ)




## အင်တာနက် ကျန်းမာရေးသတင်း

# ခုခံအားကျရောဂါကာကွယ်ဆေး တောင်အာဖရိကတွင် စမ်းသပ်မည်

**ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၁၀**

တောင်အာဖရိကဒေသသည် အိပ်ချ်အိုင်ဗွီ ရောဂါပိုး ကူးစက်မှုများပြားမြန်ဆန်သော ဒေသတစ်ခုဖြစ်သည်။ သို့ဖြစ်၍ တောင်အာဖရိကဒေသတွင် ခုခံအားကျရောဂါကာကွယ်ဆေးစမ်းသပ်ရေးလုပ်ငန်းကို လက်တွေ့စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

အိပ်ချ်အိုင်ဗွီရောဂါပိုးမရှိသော အမျိုးသားနှင့်အမျိုးသမီး ၃၀၀၀ တို့ကို ထိုကာကွယ်ဆေးထိုးနှံပေး၍ ဆေး၏ထိရောက်မှုအတိုင်းအတာကို လေ့လာစူးစမ်းသွားမည်။ ယင်းစမ်းသပ်ရေးအစီအစဉ်ကို အချိန်ကာလအားဖြင့် လေးနှစ်ကြာပြုလုပ်သွားရန် စီစဉ်ထားသည်။

ယခုလေ့လာမှုကို အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များမှ သုတေသီများက ဦးဆောင်၍ ပြုလုပ်သွားမည်ဖြစ်သည်။

**အထောက်အကူပြုမည်**

ခုခံအားကျရောဂါကာကွယ်ဆေး ဖော်ထုတ်ရေးနှင့်ပတ်သက်၍ သိပ္ပံပညာနှင့်ဆေးပညာသဘောအရ သတင်းအချက်အလက်များစွာဖော်ထုတ်သိရှိရန် လိုအပ်နေသည်။ မကြာမီစမ်းသပ်ပြုလုပ်သွားမည့် ရောဂါကာကွယ်ဆေး စမ်းသပ်ထိုးနှံမှုမှသိရှိလာသော အချက်အလက်များသည် လက်တွေ့အသုံးဝင်မည့် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ဖော်ပြပါစမ်းသပ်မှုမှ ရရှိသော တွေ့ရှိချက်များသည် ကာကွယ်ဆေးက အမျိုးသမီးများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ဤစမ်းသပ်မှုများကို အပြည်ပြည်ဆိုင်ရာ အိပ်ချ်အိုင်ဗွီ ကာကွယ်ဆေးစမ်းသပ်ရေးကွန်ရက် (HVTN)နှင့် တောင်အာဖရိက ခုခံအားကျရောဂါစမ်းသပ်ရေးအဖွဲ့ (SAAVI) တို့က တာဝန်ယူကာ လေ့လာသွားကြမည်ဖြစ်ကြောင်းသိရသည်။

အသုံးပြုသွားမည့် ကာကွယ်ဆေးတွင် အိပ်ချ်အိုင်ဗွီပိုးအရှင်များ ပါဝင်ခြင်းမရှိသဖြင့် ထိုကာကွယ်ဆေး ထိုးနှံခြင်းကြောင့် ခုခံအားကျရောဂါဖြစ်ပွားလာမည်မဟုတ်ဟုဆိုသည်။ ထိုကာကွယ်ဆေးကြောင့် ဆေးထိုးခံရသူ၏ ကိုယ်ခံအားစနစ်က အိပ်ချ်အိုင်ဗွီရောဂါပိုးကိုမှတ်မိပြီး ပြင်ပမှတကယ်တမ်း ရောဂါဝင်ရောက်လာသောအခါ ပြန်လည်တွန်းလှန်ရန် အဆင့်သင့်ဖြစ်စေဖြစ်သည်ဟုဆိုသည်။

ကာကွယ်ဆေးသစ်ကို စမ်းသပ်ရာ၌ အသက်(၁၈)နှစ်မှ(၃၅)နှစ်အတွင်းရှိ လူလတ်ပိုင်းများသာပါဝင်မည်ဖြစ်သည်။

**အင်တာနက်**

# သဃ်န်းကျွန်းမြို့နယ် စာပေစာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး၊ စာပေဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၁ နာရီက မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မောင်နေမျိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးမောင်မောင်အေး(မောင်ဟေမာ)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ အမှုဆောင် ဦးခင်မောင်ညို(ခင်မောင်ညို-ဘောဂဗေဒ)တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဒုတိယဥက္ကဋ္ဌ ရေနံ့မြေမောင်မောင်ကြည်က ဖတ်ကြားကာ စာရေးဆရာ အဏ္ဏဝါစိုးမိုးနှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများကို ဟောပြောကြသည်။ (မြို့နယ်စာနယ်ဇင်း)

# လွတ်လပ်သော ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာကို ထာဝစဉ်ကာကွယ်သွားကြဖို့

## နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

အောင်မိုးခံ

မြန်မာနိုင်ငံဟာ သူ့ကျွန်ဘဝသို့ နှစ်ပေါင်း ၁၂၃ နှစ်ကျော် ကျရောက်ခဲ့ပါတယ်။ အဲဒီလို သူ့ကျွန်ဘဝက ပြန်လည်လွတ်မြောက်ပြီး လွတ်လပ်ရေး ပြန်လည်ရရှိခဲ့တာဟာ ထာဝစဉ်ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားကြောင့်ဖြစ်ပါတယ်။ မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူတို့ရဲ့ သူ့ကျွန်ဘဝက လွတ်မြောက်ရေးအတွက် လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်က ပေါ်ပေါက်လာတဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသား ခေါင်းဆောင်များက ရှမ်းပြည်နယ် ပင်လုံမြို့မှာ ပင်လုံစာချုပ် ချုပ်ဆိုပြီး လွတ်လပ်ရေးကို တစ်စိတ်တစ်ဝမ်းတည်း တောင်းဆိုခဲ့သော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများဟာ တောင်ပေါ်မြေပြန့် မြစ်ဝှမ်းနဲ့ ကမ်းရိုးတန်း စတဲ့ ဒေသတွေမှာ နေထိုင်လာကြသော်လည်း အမိပြည်ထောင်စုအတွင်းက ပေါက်ဖွားလာတဲ့ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများ ဖြစ်ပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများဟာ နှစ်ပေါင်းထောင်သောင်းချီပြီး ဒီမြေဒီရေတွင် အေးအတူပူအမျှ ဆိုးတူကောင်းဖက် သေအတူရှင်မကွာ ဉမကွဲသိုက်မပျက် နေထိုင်လာခဲ့သူများဖြစ်ပါတယ်။ ဒါကြောင့် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့စဉ်ကလည်း အတူတူပင်၊ လွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့စဉ်ကလည်း တစ်စိတ်တစ်ဝမ်းတည်း တိုက်ပွဲဝင်ခဲ့ကြပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုလည်း တစ်စိတ်တစ်ဝမ်းတည်း ကာကွယ်လာခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ် ပထစအစိုးရလက်ထက် ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ် ကြုံလာတဲ့အခါလည်း တပ်မတော်နှင့် လက်တွဲပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကာကွယ်လာခဲ့ကြပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းမှာလည်း မင်းမဲ့စရိုက်ဆိုးတွေ ကြီးစိုးလာပြီး သူတစ်လူ ငါတစ်မင်းနှင့် ပြည်သူတွေ ကျီးလန့်စာ စားဘဝကို ကျရောက်လာခဲ့တယ်။ ဒါ့ပြင် ပြည်ပစွက်ဖက်မှု အန္တရာယ်ကြောင့် ပြည်ထောင်စု ပြိုကွဲတော့မယ့်အခြေအနေ ဖြစ်ပေါ်လာတဲ့အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး ပြည်သူတို့နဲ့အတူ ပြည်သူတို့ လိုလားတဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ဦးတည်ချက် (၁၂) ရပ် ချမှတ်ထူထောင်လာခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားသင့်မြတ်စည်းလုံးရေးကို တိုင်းရင်းသားပြည်သူလူထုကြီးနဲ့ လက်တွဲကြိုးပမ်းလာခဲ့ပါတယ်။ ဒါကြောင့် အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့အတွက် နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးလာခဲ့ပါတယ်။



**အသီးတစ်ရာ အညှာတစ်ခု ဒို့ ပြည်ထောင်စု**

**ပြည်ထောင်စုကြီး တစ်ပြေးညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅-၅-၁၉၈၉ ရက်နေ့တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှစပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၃၀-၁-၉၄ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့တယ်။ ဒီကနေ့လို ဘယ်ခေတ် ဘယ်အခါနှင့်မျှမတူအောင် ပြည်ထောင်စုတစ်နံတစ်လျား ဖွံ့ဖြိုးတိုးတက်လာတာဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဒေသများအဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုကြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်လာလို့ဖြစ်ပါတယ်။ စီမံကိန်းဝင် နယ်စပ်ဒေသ ၂၂ ခုရဲ့ စုစုပေါင်း အကျယ်အဝန်းဟာ ၈၃၄၁၅ ဒသမ ၃၄ စတုရန်းမိုင်ရှိပြီး မြို့နယ်ပေါင်း ၆၈ ခုပါဝင်တယ်။ နေထိုင်တဲ့ တိုင်းရင်းသားလူမျိုး ငါးသန်းကျော်ဖြစ်တဲ့ နိုင်ငံလူဦးရေ ၁၀ ရာခိုင်နှုန်းရဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်တယ်။ အမှန်တရားကို ရှာဖွေလျှင် ပကတိဘဝမှ ရှာဖွေရမယ်ဆိုတဲ့အတိုင်း တပ်မတော်အစိုးရရဲ့ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းထူထောင်လာတဲ့ ပကတိဘဝ ကိုယ်ထင်ပြလျက်ရှိပါတယ်။**

၁၉၈၈ ခုနှစ်အခြေအနေနဲ့ ၁၉၈၈ အခြေအနေနောက်ပိုင်း ပြောင်းလဲတိုးတက်လာမှုများကို တိုင်းနှင့်ပြည်နယ် (၁၄)ခုစလုံးတွင် တစ်ခုချင်းစီရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ မြို့ရွာစည်ပင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုစတဲ့ ကဏ္ဍအသီးသီးတွင် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုအတွင်း တည်ငြိမ်အေးချမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် တစ်ခုတည်းသော ပြည်တွင်းဈေးကွက်ကြီး ကျယ်ပြန့်လာတာနဲ့အမျှ ပြည်နယ်နှင့်ပြည်မ၊ တောင်တန်းနှင့်မြေပြန့်၊ မြစ်ဝှမ်းနှင့်ကမ်းရိုးတန်းစတဲ့ ဒေသများအကြား လူမှုစီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု ကွာဟချက်တွေ တစ်စတစ်စ ကွယ်ပျောက်သွားပြီး ဆန့်ကျင်ကိုင်စွဲထားတဲ့ လက်နက်တွေဟာလည်း ကုန်ထုတ်ကိရိယာတွေအဖြစ် ပြောင်းလဲလာမယ်ဖြစ်တယ်။ ဒီကနေ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လက်တွဲလာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများလည်း ဒေသဖွံ့ဖြိုးရေးတွေကို အားတက်သရော ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီလို ပြောင်းလဲတိုးတက်လာတာနှင့်အမျှ သည်းခံမှုသဘောထားကြီးပြီး အမြင်ကျယ်မှုစတဲ့ ဒီမိုကရေစီ ထုံးတမ်းစဉ်လာများ ထက်ကြပ်မကွာ ဖြစ်ပေါ်လာမယ်ဖြစ်ပါတယ်။ အခုလို စီးပွားရေးအခြေခံအဆောက်အအုံ ပြောင်းလဲလာသလို မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကလည်း အနာဂတ်တွင် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပုံဖော်နေပြီဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုစိတ်ဓာတ် (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်) ကို အခြေခံတဲ့ စံ(၆)ရပ်နဲ့ အောင်မြင်စွာ ကျင်းပလာနိုင်ခဲ့လို့ဖြစ်ပါတယ်။ ဒီစံ(၆)ရပ်ကတော့-

**(၁) ပြည်ထောင်စုဖွား တိုင်းရင်းသားမိသားစုချင်း အပြန်အလှန် ယုံကြည်ကိုးစားမှုကို ရှေးရှုဆောင်ရွက်တဲ့စံ**

**(၂) ပြည်ထောင်စုဖွား တိုင်းရင်းသားချင်း ပြည်ထောင်စု ပြိုကွဲစေမယ့် မစေ့စပ်ရေး၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး သဘောထားကင်းရှင်းစွာ ပြည်ထောင်စုကြီး အကျိုးစီးပွားကို စုပေါင်း လှုံ့လပြုတဲ့စံ**

**(၃) ကွဲလွဲချက်များကို သူဖြူရင် ငါမည်းမယ်ဆိုတဲ့ မင်းမဲ့စရိုက်နဲ့ မဖြေရှင်းဘဲ အချင်းချင်းစိတ်ရှည်သည်းခံ အချိန်စောင့် ဖျောင်းဖျကိုယ်ပိုင်အတွေ့အကြုံရစေတဲ့ ဒီမိုကရေစီ ထုံးတမ်းစဉ်လာတွေနဲ့ (မိမိကိုယ်ကို ဝေဖန်ရေးနှင့် ဝေဖန်ရေးပြုပြီး) အမျိုးသားရေး အကျိုးစီးပွားဘောင်အတွင်းက ဖြေရှင်းလွန်မြောက်တဲ့စံ**

**(၄) အမျိုးသားညီလာခံ ဦးတည်ချက်ကို စိတ်တူကိုယ်တူ ခံယူကျင့်သုံးတဲ့စံ**

**(၅) အနောက်ဩဇာခံလိုမှု၊ အနောက်ဒီမိုကရေစီ ချက်ချင်းပုံတူကူးလိုမှု လုံးဝကင်းရှင်းပြီး မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံကို လက်တွဲထူထောင်တဲ့စံ**

**(၆) ပြည်ပဖိအားပေးမှု၊ ထိုးနှက်တိုက်ခိုက်မှု၊ သပ်လျှိုသွေးခွဲမှုနဲ့ ပြည်ပဩဇာခံတို့ရဲ့**

စာမျက်နှာ ၇ ကော်လံ ၁ သို့

**ဈေးကွက် စီးပွားရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားသင့်မြတ်စည်းလုံးရေးကို တိုင်းရင်းသား ပြည်သူလူထုကြီးနဲ့ လက်တွဲကြိုးပမ်းလာခဲ့။**

**ဒါကြောင့် အစိုးရအဆက်ဆက်ကို နှစ်ရှည် ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့အတွက် နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးလာခဲ့။**




✧ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

**အဖျက်လုပ်ရပ်များကို ပြည်ထောင်စုကြီး ရေရှည် အကျိုးအတွက် အသိနဲ့ယှဉ်ပြီး ကာကွယ် တိုက်ဖျက်သွားနိုင်တဲ့စံတို့ ဖြစ်ပါတယ်။**

ဒါတွေဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိတဲ့ နိုင်ငံသားတို့ရဲ့ စံလည်း ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး စံလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကနေ့ ပြည်ပ နိုင်ငံကြီးအချို့နဲ့ ပြည်တွင်း၊ ပြည်ပ သြဇာခံ အဆိုးမြင် ဝါဒီများက တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲ အောင်၊ ပြည်ထောင်စု ပြိုကွဲအောင် ယင်းတို့ ကိုယ်ကျိုး အတ္တအတွက် နည်းပေါင်းစုံဖြင့် ထိုးနှက်တိုက်ခိုက် နေပါတယ်။ ပြည်ပနိုင်ငံကြီးအချို့က ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ် ကျဆင်းအောင်လည်း ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ် နေပါတယ်။ ဒါ့အပြင် မြန်မာ့အရေးကို အမျိုးမျိုးလုပ်ကြံ ပုံကြီးချဲ့ပြီး ကုလ သမဂ္ဂ လုံခြုံရေးကောင်စီကို အသုံးချဖိအားပေး အကျပ် ကိုင်ဖို့လည်း ကြိုးပမ်းနေတယ်။ ဒါတွေဟာ သူတို့ သြဇာခံသူတွေ ပြည်တွင်းမှာ အာဏာရဖို့ ကြိုးပမ်းမှု ဖြစ်ပါတယ်။ **ဒီကနေ့ အနောက်နိုင်ငံကြီးအချို့ဟာ အရင်းရှင်စနစ်ထက် ပိုမိုခေတ်နောက်ကျတဲ့ မြေရှင် စနစ်ကို နည်းသစ်ထွင်ပြီး ကမ္ဘာကြီးကို တစ်ကိုယ် ကောင်း လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးအတွက် တိုက်ရိုက်ကျူးကျော်ဝင်ရောက်မှုနဲ့ ရင်ခွင်ပိုက်ရုပ်သေး အစိုးရထူထောင်မှု (Protectorate)၊ အထူးအခွင့် အရေး သိမ်းပိုက်မှု (Concession)၊ သြဇာခံနယ်ပယ် ထူထောင်မှု (Sphere of Influence) တို့ကို မဟာ ဗျူဟာနည်းဗျူဟာအမျိုးမျိုး ချမှတ်ကျင့်သုံးနေပါ တယ်။ အဲဒီလို သွယ်ဝိုက် တိုက်ရိုက် ကျွန်ပြုမှု အောက်သို့ မကျရောက်ရေးအတွက် သတိကြီးစွာ ထားပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံး ကာကွယ်တိုက်ဖျက်သွားကြဖို့ဖြစ်ပါ တယ်။** ထာဝစဉ်ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ် နဲ့၊ အမျိုးသား စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ လွတ်လပ် သော ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာကို ထာဝစဉ် အသက်ပေးကာကွယ်သွားဖို့ ဖြစ်တယ် ဆိုတာကိုတင်ပြရင်း နှစ် (၆၀)ပြည့် ပြည်ထောင်စု နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။ ။

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ထုတ်လွှင့်မည့်"နီးနီးလေး"ရေဒီယိုဇာတ်လမ်း ပမာကို အသံသွင်းနေကြစဉ်။**

(သတင်းစဉ်)







# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊
❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး။

## နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုဇာတ်လမ်းပမာ ထုတ်လွှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မှူးရွှေရည်၏ ဝတ္ထု ဇာတ်ညွှန်းကို ယဉ်ယဉ်ရွှေ စီစဉ် ထုတ်လွှင့်လိုက်သည့်**"နီးနီးလေး"**ရေဒီယို ဇာတ်လမ်းပမာကို မြန်မာ့အသံ ရေဒီယို အစီအစဉ်မှနေ၍ ဖေဖော်ဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲနှင့် ဖေဖော်ဝါရီ ၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တို့တွင် ထုတ်လွှင့်မည် ဖြစ်ပြီး ယင်းဇာတ်လမ်းတွင် မြန်မာ့ အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင် ထားကြသည်။

(သတင်းစဉ်)

## ပြည်ထောင်စုနေ့ အလင်္ကာ

☆ ညီညွတ်ခြင်းသည် ဒို့အင်အား၊
တိုင်းရင်းသားတို့ သမိုင်းကြောင်း၊
မဟောင်းသေးတဲ့ အလင်္ကာ၊
အစဉ်အလာသွေးစည်းမှု၊
ပြည်ထောင်စု၏ အမြုတေ၊
ပင်လုံမြေကို သက်သေညွှန်း
တည်ထွန်းလာခဲ့ လွတ်လပ်ရေး၊
မွေးဖွားရှင်သန် ဒို့နိုင်ငံ။

☆ ဆယ်စုလေးနှစ်၊ ခေတ်အနိဋ္ဌာရုံ၊
ကြုံခဲ့ရပြီး ဘဝမြေစာ၊
ဖြစ်ခဲ့ရှာသော၊ မြန်မာတိုင်းရင်းသား၊
ပြည်သူများက၊ လိုလားဆန္ဒ၊
တောင့်တမျှော်မှန်း၊ ငြိမ်းချမ်းမှုကို၊
ကြိုဆိုထောက်ခံ၊ ဘဝင်ညံခဲ့၊
သံသယကင်း၊ ယုံကြည်ခြင်းဖြင့်၊
ရှင်းသန့်ကြည်လင်၊ အမြင်ဖြောင့်မတ်၊
မွန်မြတ်ရိုးသား၊ သဘောထားက၊
သွေးသားချင်းချင်း၊ တိုင်းရင်းသားတွေ၊
တွေ့ဆုံစေလျက်၊ လက်နက်နှင့်ငြိမ်းချမ်းရေး၊
အပေးအယူ၊ အတူတကွ၊
မျှတဆက်ဆံ၊ လက်ခံကြသည်၊
ဘဝအသစ်၊ ဖြစ်တည်ရှင်သန်၊
နိုင်ငံတော်၏ အင်အားများ။

☆ နိုင်ငံတော်သစ်၊ ရွှေခေတ်ကာလ၊
တည်ဆောက်ကြမည်၊ မြန်မာ့ပြည်ထောင်စု၊
တည်တံ့မှုတွက်၊ ခရီးဆက်ရန်
တာဝန်ပြဋ္ဌာန်း၊ လမ်းစဉ်ခုနစ်ရပ်၊
အနာဂတ်အောင်ပွဲ၊ ဆင်နွှဲကြမည်
ယုံကြည်ရဲရဲ၊ ခိုင်ခိုင်မြဲ။ ။

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်**

**ကောတုနီလာ**

# ပြည်ပအကူအညီကိုမျှော်ကိုးနေခြင်းထက် ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းအားများကို အစွမ်းကုန်ထုတ်ဖော်အသုံးချ သို့မှသာလည်း နိုင်ငံတော်၏ အမျိုးသားဂုဏ်သိက္ခာ၊ အမျိုးသားစွမ်းအားစုများ ပိုမိုတောက်ပြောင်၊ ပိုမိုစည်းလုံးအင်အားရှိလာမည်





နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရဲနွယ် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၉ မှ

တည်ဆောက်ပြီးစီးရေးအတွက်လည်း အချိန်ယူရတာဖြစ်သည့်အတွက် လောလောဆယ် မပြည့်မစုံ ဖြစ်နေမှုများအပေါ် မှန်မှန်ကန်ကန် သဘာဝကျကျ နားလည်လက်ခံပြီး နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း။

**တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အား အပါအဝင် စွမ်းအင်ကဏ္ဍက အရေးပါသကဲ့သို့ စီးပွားရေး ဖွံ့ဖြိုးခိုင်မာမှုလည်း အသစ်အသစ်သော ရေအားလျှပ်စစ်စက်ရုံများကို တိုးချဲ့တည် ဆောက်နိုင်မှာဖြစ်ကြောင်း၊ အဓိကမှာ မိမိနိုင်ငံ၊ မိမိတိုင်းပြည်၏ အမျိုးသား စီးပွားရေးဘဝအခြေခံခိုင်မာနေရန်ပင်ဖြစ်ကြောင်း၊ ပြည်ပအကူအညီ အထောက်အပံ့ကိုမျှော်ကိုးနေခြင်းထက် မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းအားများကိုပဲ ဖြစ်နိုင်သမျှ အစွမ်းကုန်အပြည့်အဝထုတ်ဖော် အသုံးချနိုင်ကြရမှာဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော်၏ အမျိုးသား ဂုဏ်သိက္ခာ၊ အမျိုးသားစွမ်းအားစုများသည် ပိုမိုတောက်ပြောင်၊ ပိုမို စည်းလုံးပြီး အင်အားရှိလာမှာလည်း ဖြစ်ကြောင်း။**

ယနေ့ နိုင်ငံတော်ရောက်ရှိနေသည့်ကာလသည် ခေတ်သစ်တစ်ခုကို ညင်သာစွာကူးပြောင်းနိုင်ရေးအတွက် ဘက်စုံ၊ကဏ္ဍစုံမှ ပြင်ပြင်းထန်ထန်အရှိန်ယူနေသည့် ကာလဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိရာ၌ အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်ကို မှန်းဆပုံဖော်ကြည့်၍ ရနေပြီဖြစ်ကြောင်း။

## ထိန်းသိမ်းစောင့်ရှောက်

ဤကဲ့သို့ အခြေအနေမျိုးတွင် တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့် အင်အားဖြင့် ပြည်ပစွက်ဖက်မှု၊ နှောင့်ယှက်မှုနှင့် ဖိအားပေးမှုများကို ဖယ်ရှား ကြိုးစားပြီး နိုင်ငံတော်၏ ကိုယ်ပိုင်လွတ်လပ်မှု၊ ကိုယ်ပိုင် အမျိုးသားရေး ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ပြည်တွင်း သစ္စာဖောက်များကြောင့် နိုင်ငံတော်သည် အခြေအရုံနိုင်ငံဘဝ၊ နောက်မီးဆွဲနိုင်ငံဘဝရောက်မသွားရေးအတွက် တစ်မျိုးသားလုံးက အစွမ်းကုန်ကာကွယ်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ရဲနွယ်စီမံကိန်းကို တာဝန်ယူ တည်ဆောက်ခဲ့ကြသည့် နိုင်ငံဝန်ထမ်း အားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊အဘက်ဘက်က ဝိုင်းဝန်းစောင့်ရှောက် ကူညီခဲ့ကြသည့် ဒေသခံများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်ရေးအတွက် ရာသီဥတုမှန်ပြီး မြစ်များ၊ ချောင်းများ၌ ရေဆင်းမှန်နေရန် လိုအပ်ကြောင်း၊ ဤကဲ့သို့ ရာသီဥတုမှန်ပြီး ရေစီးဆင်းမှုမှန်နေရန်မှာလည်း သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်နိုင်ရမှာ ဖြစ်သည့်အတွက် မိမိတို့ဒေသအတွင်းမှာရှိသည့် သစ်တော သစ်ပင်များကို မြတ်မြတ်နိုးနိုး ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရာ နှစ်စဉ်တိုးတက်မြင့်မားလာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ယနေ့ဖွင့်လှစ်လိုက်သော ရဲနွယ် ရေအားလျှပ်စစ်စက်ရုံမှ တစ်ဖက်တစ်လမ်း ဖြည့်ဆည်းပေးလိုက်နိုင်သဖြင့် ပဲခူးတိုင်း ဒေသခံပြည်သူများကိုယ်စား ဂုဏ်ယူအားရဝမ်းမြောက်ကြောင်းရှေးဦးစွာပြောကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေအားလျှပ်စစ်စက်ရုံသည် ပဲခူးတိုင်း၏ ဒုတိယမြောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလည်းဖြစ်ကြောင်း။

ပဲခူးတိုင်းသည် ဧက ၉၇သိန်းကျော်ကျယ်ဝန်းကာ လူဦးရေ ၅၅ သိန်းကျော် မှီတင်းနေထိုင် လျက်ရှိကြောင်း၊ စိုက်ပျိုးမြေဧက ၃၁သိန်းကျော်၊သစ်တောဧက ၃၇သိန်းကျော်ရှိပြီး သီးနှံစိုက်စွမ်းအား ၁၇၁ဒသမ ၄ရာခိုင်နှုန်းကျော်ရှိသော တိုင်းတစ်တိုင်းလည်းဖြစ်ကြောင်း။

တစ်နိုင်ငံလုံး ကုန်ထုတ်လုပ်နိုင်မှု၏ ကိုးရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိကြောင်း၊ ဆန်စပါးအနေဖြင့် မိုးစပါး သိန်း ၃၀၊ နွေစပါးလေးသိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် ဆန်ဖူလုံမှုမှာ ၂၄၇ ရာခိုင်နှုန်းရှိကာ တစ်နိုင်ငံလုံး၏ ငါးပုံတစ်ပုံသော လူဦးရေအတွက် ဆန်စပါးကို တာဝန်ယူပေးလျက်ရှိကြောင်း။

ထို့ကြောင့်လည်းပဲခူးတိုင်းအတွင်း၌ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေသော ဒေသဖြစ်သည့် အားလျော်စွာ ယခုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ဆည်တမံများ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပေးမှုများကြောင့် ဒေသအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိသွားမှာ ဖြစ်ပါကြောင်း။

ယခု ရဲနွယ်ဘက်စုံရေလှောင်တမံကဲ့သို့ စိုက်ပျိုးရေပေးဝေနိုင်သည့် တည်ဆောက်ပြီး ဆည်တာတမံ၊ ရေတံခါးပေါင်း ၄၂ခုဖွင့်လှစ် တည်ရှိခဲ့ပြီး ဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ရေလှောင်တမံပေါင်း လေးခုကိုလည်း စီမံကိန်းချမှတ် အကောင်အထည်ဖော်နေသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားမည့် စီမံကိန်းဆည်များရှိကြောင်း အသိပေးပြောကြားလိုကြောင်း၊ ၎င်းဆည်များပြီးစီးချိန်တွင် ပဲခူးတိုင်းအနေဖြင့် အခြေခံဖြစ်သည့် တောင်သူလယ်သမားပြည်သူတစ်ရပ်လုံး၏ လယ်ယာကဏ္ဍတွင် ပိုမိုဆောင်ရွက်နိုင်သည်နှင့်အမျှ ဝင်ငွေများ ပိုမိုတိုးပွားလာမည်ဟု ယုံကြည်ကြောင်း။

စိုက်ပျိုးမှုကဏ္ဍတွင် ပြည့်ပြည့်ဝဝ ဆောင်ရွက်သွားနိုင်သလို နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးနေသည့်အတွက် လျှပ်စစ်စွမ်းအင် ဖူလုံစေရေးကို ရေအားလျှပ်စစ် စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိနေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း ဇောင်းတူရေအားလျှပ်စစ်စက်ရုံကို ၇-၁၂-၁၉၈၉ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီး ယခု ဒုတိယမြောက် ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် တည်ဆောက်ဆဲဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ တောင်ငူခရိုင်၌ခပေါင်း၊ ဖြူး၊ ကွန်းချောင်း၊ သောက်ရေခပ်၊ ပသိနှင့် ပဲခူးခရိုင်၌ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို သက်ဆိုင်ရာမြို့နယ်များအလိုက် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြီးစီးသည့်အချိန်တွင် နှစ်စဉ်ထုတ်လုပ်နိုင်သည့်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၀၀၀ ကျော်အထိ ရရှိလာမှာဖြစ်ပြီး ပြည်သူလူထုအနေဖြင့် လျှပ်စစ်စွမ်းအား အပြည့်အဝ သုံးစွဲဆောင်ရွက်သွားနိုင်မှာဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းကဏ္ဍ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍများပါမကျန်ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ယနေ့အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပဲခူးတိုင်းအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုတောင့်တင်းခိုင်မာစေပြီး ကျေးလက်နှင့် မြို့ပြကွာဟမှုများကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အပြင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်ပြည်သူများ အကျိုးခံစားမှု ပိုမိုရရှိလာပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုဖွင့်လှစ်ပေးခဲ့သည့် ရဲနွယ် ရေအားလျှပ်စစ် စီမံကိန်းအား ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သော နိုင်ငံတော်အကြီးအကဲအားလည်းကောင်း၊ တည်ဆောက်ပေးခဲ့ကြသည့် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအား လည်းကောင်း၊ အဘက်ဘက်မှ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း ပဲခူးတိုင်း ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤရေအားလျှပ်စစ်စီမံကိန်း အပါအဝင် ရဲနွယ် ဘက်စုံရေလှောင်တမံစီမံကိန်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးတွက် ဒေသခံ ပြည်သူလူထုအားလုံးမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရဲနွယ် ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် မဖြစ်မနေ လိုအပ်သော လျှပ်စစ်ဓာတ်အား အမြောက်အမြားရရှိလာရေးအတွက် နိုင်ငံတော်၏ ပေါ်ကြွယ်လှသော ပြန်လည်ပြည့်ဖြိုး မြစ်စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရန် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၆ခုကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး တစ်ပြိုင်နက် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်သော ရဲနွယ် ရေအားလျှပ်စစ် စက်ရုံသည်လည်း ယင်းစီမံကိန်း ၁၆ ခုထဲက တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရဲနွယ် ရေအားလျှပ်စစ်စက်ရုံသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန၏ ၄၅ ခုမြောက် ဖွင့်လှစ်သည့် ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများအနက် တတိယဖွင့်လှစ်သည့် စီမံကိန်းလည်း ဖြစ်ကြောင်း။

ရဲနွယ် ရေအားလျှပ်စစ် စက်ရုံကို နိုင်ငံတော်မှ ပြည်တွင်းငွေ ကျပ်သန်းပေါင်း ၅၃၂၂သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၇ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တစ်ပြိုင်တည်း တည်ဆောက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၆ ခု ပြီးစီးသွားလျှင် စက်တပ်ဆင်အား မဂ္ဂါဝပ် ၁၀၄၂၃ မဂ္ဂါဝပ် ထပ်မံတိုးတက်ရရှိလာမှာဖြစ်ကြောင်း၊ ယနေ့ ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ဖွင့်လှစ်ပြီးဖြစ်သည့်အတွက် တည်ဆောက်ဆဲစီမံကိန်း ၁၅ ခုသာ ကျန်ရှိပြီး တစ်ပြိုင်တည်း ဆက်လက် တည်ဆောက်သွားမှာဖြစ်ကြောင်း။

**ယင်းစီမံကိန်း ၁၅ ခုထဲက ခပေါင်း ရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၃၀၊ ကျိုင်းတောင်း စီမံကိန်း ၅၄ မဂ္ဂါဝပ်၊ ရွှေလီစီမံကိန်း မဂ္ဂါဝပ် ၆၀၀၊ ကွန်းချောင်းစီမံကိန်း မဂ္ဂါဝပ် ၆၀၊ ဖြူးချောင်း စီမံကိန်း မဂ္ဂါဝပ် ၄၀၊ ရွှေကျင်စီမံကိန်း ၇၅ မဂ္ဂါဝပ်၊ ရဲရွာစီမံကိန်း မဂ္ဂါဝပ် ၇၉၀ ရှိသည့် စီမံကိန်းကြီး ခုနစ်ခုကို ၂၀၀၇ခုနှစ်ကနေ ၂၀၁၀ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု၊ တစ်နှစ်ပြီး တစ်နှစ် ဆက်တိုက်ပြီးသွားအောင် အစွမ်းကုန် ကြိုးစားအားထုတ် တည်ဆောက်လျက်ရှိကြောင်း။**

ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း အချိန်မီပြီးစီးရေးအတွက် နေ့မအား၊ ညမနား ကြိုးစား ဆောင်ရွက်ခဲ့သော ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC ကုမ္ပဏီနှင့် CNEEC ကုမ္ပဏီမှ ပညာရှင်များ၊ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြသော ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ပြောကြားလိုကြောင်း။



**ဒေသခံပြည်သူများကိုယ်စား ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းဦး ကျေးဇူးတင်စကား ပြောကြားစဉ်။** (သတင်းစဉ်)

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သော ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး အရှည်သဖြင့်တည်တံ့ခိုင်မြဲလျက် လျှပ်စစ်ဓာတ်အား အပြည့်အဝ စဉ်ဆက်မပြတ်ထုတ်လုပ်ပေးနိုင်အောင် ဒေသခံ ပြည်သူများက ဝိုင်းဝန်းကူညီ ထိန်းသိမ်း စောင့်ရှောက်ပေးကြပါရန်နှင့် ဒေသခံ ပြည်သူမိဘညီအစ်ကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

❖ စာမျက်နှာ ၁၀ မှ

မောင်နှမများအားလုံး ကျန်းမာချမ်းသာကြပါစေ၊ စီးပွားတိုးတက်ကြပါစေလို့ ဆုတောင်းဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းပြောကြားသည်။

### ကျေးဇူးတင်စကား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းဦးက ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခြင်းအတွက် နိုင်ငံတော် အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်မည့် စက်ရုံမုခ်ဦးရှေ့၌ နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီးနောက် ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် စက်ရုံကမွည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

### စက်စွမ်းအားပြည့်

ယင်းနောက် စက်ရုံ၏ ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးချုပ်က စက်ရုံ၏ အမြင့်ဆုံး လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်မှုကို မေးမြန်းကာ ရေလုံလောက်မှုရှိသဖြင့် လျှပ်စစ်ဓာတ်အားကို စက်စွမ်းအားပြည့် ထုတ်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNEEC Co, မှ Vice President, Senior Engineer Professor Mr. Liao Shengsong အား အမှတ်တရ သစ်သီးခြင်း ပေးအပ်ပြီး တရုတ်အင်ဂျင်နီယာများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ရဲနွယ်ရေလှောင်တမံနှင့် တမံအတွင်း ရေသိုလှောင် ထိန်းသိမ်းထားနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်း၌ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့်တာဝန်ရှိသူတို့က ဆည်မြောင်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပေးခဲ့သော စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်း၊ စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတို့၌ ရေကြီးမှု ကာကွယ်ရေး၊ ရေကြီးကွင်းများ၌ စိုက်ပျိုးမြေ ဖော်ထုတ်တိုးချဲ့ရေးတို့အတွက် တာပတ်ခြင်းလုပ်ငန်း၊ ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်း၊ မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်း၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်း၊ စိုက်ပျိုးမြေ ဖော်ထုတ်တိုးချဲ့ရေးလုပ်ငန်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း တင်ပြပြီး ဆောင်ရွက်ရန် စီမံထားသည့် လုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်းအတွင်း မိုးစပါးဧက သိန်း ၃၀ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေ၊ ဆည်ရေသောက် စနစ်ကောင်းမွန်ပြီး နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့က တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### စိုက်ပျိုးမြေအရောက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး ဆည်များတည်ဆောက်ပြီးစီးသည်နှင့် လိုက်လျောညီထွေစွာ ဆည်ရေသောက်စနစ်ပြီးစီးရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ပြည်သူများ၏ စိုက်ပျိုးမြေအရောက် စိုက်ပျိုးရေ ပေးပို့နိုင်သည့် ထိရောက်သော ဆည်ရေသောက်စနစ်ဖြစ်စေရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အနီး ရှုရပ်မှ ရဲနွယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ရဲနွယ်ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ရဲနွယ်ချောင်းပေါ်၌ အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေရှိ ဇုန်အမျိုးအစား မြေသားတမံကို တည်ဆောက်ခဲ့သည်။

ရေယူအဆောက်အအုံမှာ အကျယ် ၄၈ ပေ၊ အမြင့်ပေ ၄၀ရှိ သံကူကွန်ကရစ်အဆောက်အအုံဖြစ်သည်။ ဓာတ်အားပေးစက်ရုံမှာ အလျား ၁၂၈ ပေ၊ အနံ ၈၂ ပေ၊ အမြင့် ၈၅ ပေရှိသည်။

ဓာတ်အားပေးစက်ရုံ၌ ၁၂ ဒသမ ၅ တပ်ဆင် စက်အင်အားရှိ စက်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၅မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။

ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်းမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်း ထုတ်ပေးသွားနိုင်မည်ဖြစ်သည့်အပြင် လယ်မြေဧက ၁၁၈၅၀၀ ခန့်ကိုလည်း စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) တို့ ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ ပန်းတနော်ဦးအေးမောင်–ဒေါ်ခင်စိန်နှင့် ဦးအောင်သိမ်း–ဒေါ်ညွန့်မေတို့အား ရည်စူး၍ ဦးစောဝင်းသိမ်း–ဒေါ်လှဲ့လှဲ့ဝင်း မိသားစုတို့က အလှူငွေကျပ်ငါးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အထူးကုဆရာဝန်ကြီးများ ဆေးဝါးကုသ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများ၏ ကျန်းမာရေးစစ်ဆေးကုသပေးရန် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံသို့ လာရောက်ကုသပေးကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာ ဒေါ်ခင်ခင်သက် ဦးဆောင်သော ဆရာဝန် ၁၁ ဦးပါဝင်သည့် အဖွဲ့က နံနက်ပိုင်းတွင် ဘိုးဘွားများ၏ အထွေထွေရောဂါများကို လည်းကောင်း၊ နေ့လယ်ပိုင်းတွင် မျက်စိဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ကျင်စန်းရင် ဦးဆောင်သော ဆရာဝန်များအဖွဲ့နှင့် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ဆရာဝန်များအဖွဲ့က သက်ဆိုင်ရာ ရောဂါများကိုလည်းကောင်း အဘိုးအဘွား ၆၃ ဦးတို့အား စစ်ဆေးကုသပေးကြသည်။ **(ဝဲပုံ)**



အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ နှစ်လလျှင် တစ်ကြိမ် ပုံမှန်လာရောက်ပြုစုကုသပေးကြောင်း သတင်းရရှိသည်။ (ဘိုးဘွားရိပ်သာ)

# သဒ္ဓမ္မဇောတိကသိမ်နှင့် အေးမြချမ်းသာဓမ္မာရုံ ရေစက်ချပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ ပုညရာမကျောင်း သာသနာ့ရိပ်သာ၌ အများစုပေါင်း တည်ဆောက်လှူဒါန်းသော ကျပ်သိန်းသုံးရာတန် အေးမြချမ်းသာ ယောဂီဓမ္မာရုံကြီးနှင့် ဦးဘဌေး–ဒေါ်သိန်းညွန့် မိသားစုတို့ တည်ဆောက်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကသိမ်တော် ရေစက်ချလှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၃ ရက်) ဖေဖော်ဝါရီ ၁၈ ရက်တွင် အဆိုပါ သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

# (၇၅)ကြိမ်မြောက် စိန်ရတုတရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက (၇၅)ကြိမ်မြောက် စိန်ရတုသဘင်တရားစခန်းကို ဖေဖော်ဝါရီ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၂၉)၊ ဒုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ် ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပြီး ဖုန်း–၅၁၉၀၉၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အထက(၁) ကျောင်းခန်းမတွင် ပြုလုပ်ရာ အမြှာပူးဆုရ ကလေးငယ်များအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင် ဆုချီးမြှင့်စဉ်။ (၃၂)






## ပေးအပ်ချီးမြှင့်

စမ်းချောင်း အမက(၁၀) ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ဒုတိယတန်းမှ မသဲသဉ္ဇာဖြိုးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြူက ပထမဆုနှင့် ဘာသာစုံဂုဏ်ထူးဆု ပေးအပ်ချီးမြှင့်စဉ်။ (၀၄)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၁–၂–၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ Yan Can Cook.
၁၁:၅၀ ၅။ **မြန်မာရုပ်ရှင် "မလိခချစ်သူ" (မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း၊ ခင်ယုမေ) (ဒါရိုက်တာ–မြတ်လေး)**
၁:၄၀ ၆။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
၁:၅၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၂:၀၀ ၈။ အတီးပြိုင်ပွဲ
၂:၂၀ ၉။ **"အလံလေးတော့ကိုင်ပြေပါ" (ဖွဲနိုင်ဝင်း၊ ရတနာခင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၂:၃၅ ၁၀။ မြေခဲတောင်ရေလှောင်တမံ
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)**
၄:၄၅ ၄။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၁၅ ၆။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သီရိဂေဟာ
၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း–၁)**
၇:၄၅ ၁၂။ ဘာမထီမောင်တို့စွမ်းအား "ပုံညာတောင်ဥမင်ဖောက်လုပ်သွား"
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း–၂၄)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

# ပြည်နယ်နှင့် တိုင်း စက်ဘီးစီးပြိုင်ပွဲ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်း ဗိုလ်စွဲ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသမီးပြိုင်ပွဲပထမဆုရ ဧရာဝတီတိုင်းအသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၀၇ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစ၍ သုဝဏ္ဏဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်း (၁)တွင် ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့ တံခွန်စိုက်ဒိုင်းများ ဆွတ်ခူးရရှိသွားကြသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား မီတာ ၄၀၀၀ အသင်းချင်း အမီလိုက်ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၃၀၀၀ အသင်းချင်း အမီလိုက်ပြိုင်ပွဲ၊ အမျိုးသားမီတာ ၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ရေးဦးစွာ မီတာ ၁၂၀၀ အမျိုးသမီးအသင်းလိုက် အိုလံပစ်အမြန်နှုန်းပြိုင်ပွဲ၊ မီတာ ၃၀၀၀ အမျိုးသမီး အသင်းချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ ၈၀၀ အုပ်စုတစ်ဦးချင်း အမျိုးသားပြိုင်ပွဲ မီတာ ၄၀၀၀ အမျိုးသားအသင်းချင်း အမီလိုက်ပြိုင်ပွဲ၊ အမျိုးသားတာဝေးပြိုင်ပွဲနှင့် မီတာ ၁၂၀၀ အမျိုးသားအသင်းလိုက် အိုလံပစ်အမြန်နှုန်းပြိုင်ပွဲတို့၌ ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန အား/ကာ သိပ္ပံ (ရန်ကုန်) ခေတ္တကျောင်းအုပ်ကြီး ဦးကျော်ဆန်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးသက်ဝင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

ထို့နောက်မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ကီလိုမီတာ-၇၀ အမျိုးသမီးတာဝေး ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေးက မီတာ၈၀၀ အမျိုးသမီးအုပ်စုတစ်ဦးချင်း ပြိုင်ပွဲဆုရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အကောင်းဆုံး စက်ဘီး အားကစားသမားဆုရ အမျိုးသား အောင်မျိုးနိုင် (စစ်ကိုင်း)နှင့် အမျိုးသမီး ယုမာဦး (ဧရာဝတီ)တို့ကို ဆုတံဆိပ်နှင့်ငွေသားဆုများကို လည်းကောင်း၊ စံချိန်သစ်တင်ခဲ့သော ယုမာဦး (ဧရာဝတီ)အား ဂုဏ်ပြုဆုငွေကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အကောင်းဆုံးဆုရရှိသူများအား ဂုဏ်ပြုငွေများ ထပ်မံချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပြိုင်ပွဲ တတိယဆုရ ကယားပြည်နယ်အား ကျပ်တစ်သိန်း၊ ဒုတိယဆုရ မန္တလေးတိုင်းအား ကျပ်နှစ်သိန်း၊ ပထမဆုရဧရာဝတီတိုင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ကျပ်သုံးသိန်း၊ အမျိုးသားပြိုင်ပွဲ တတိယဆုရ စစ်ကိုင်းတိုင်းအား ကျပ်တစ်သိန်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)အား ကျပ်နှစ်သိန်း၊ ပထမဆုရ ရန်ကုန်တိုင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယခုပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ယုမာဦးက မီတာ ၁၆၀၀ အုပ်စုတစ်ဦးချင်း ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ်က သူမကိုယ်တိုင်တင်ထားသောစံချိန် ၂ မိနစ် ၄၁ ဒသမ ၇၃ စက္ကန့်ကို ၂ မိနစ် ၃၂ ဒသမ ၉၁ စက္ကန့်ဖြင့် စံချိန်သစ်တင်သည်။ (ကြေးမုံ)

### ရန်ကုန်တိုင်းအသင်း

**(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသွားသည့် ရန်ကုန်တိုင်းအသင်းအား တွေ့ရစဉ်။** (ကြေးမုံ)




# အင်းတော် အထက ရွှေရတုသဘင်အထိမ်းအမှတ် ရွှေရတုခန်းမ ဆောက်လုပ်လှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်း အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈ ခုနှစ်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ရွှေရတုခန်းမ ဆောက်လုပ်ရန်အတွက် အင်းတော် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်လှူဒါန်းနိုင်ကြရန် နိုးဆော်ထားသည်။

လှူဒါန်းလိုသူများသည် အင်းတော်မြို့တွင် ဦးတင်အုန်း ဖုန်း ၀၇၅-၅၀၁၄၄၊ ဦးကျော်လွင်ဦး ဖုန်း ၀၇၅-၅၀၁၄၆နှင့် ဦးအောင်မျိုးဝင်း ဖုန်း ၀၇၅-၅၀၀၇၁၊ ရန်ကုန်မြို့တွင် ဦးဇဝန ဖုန်း ၀၁-၅၇၁၃၁၂၊ ဦးမျိုးထိုက် ဖုန်း ၀၉-၅၁၀၂၉၄၇၊ ဦးဇော်မျိုးမြင့် ဖုန်း-၀၉-၅၁၀၈၁၄၁၊ ဦးအောင်မိုးတင် ဖုန်း-၀၉-၅၁၀၆၆၄၃၊ မန္တလေးမြို့တွင် ဦးမိုးဇော်ဦး ဖုန်း ၀၉-၂၀၀၂၃၄၅၊ ဦးဇော်မိုးအောင် ဖုန်း ၀၉-၂၁၃၀၅၆၆၊ ဦးရုံးကြည် ဖုန်း၀၉-၉၉၂၃၇၇၆နှင့် ဦးအောင်မျိုးဇော် ဖုန်း ၀၉-၂၀၀၄၈၇၁ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## အင်တာနက် အားကစားသတင်းများ

# ဘရာဇီးလူငယ်ဘောလုံးသမားများ မွေးထုတ်ရေး ဘောလုံးဘုရင် ပီလီ ပါဝင်ကူညီမည်

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၀**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများတွင် ဘရာဇီးအသင်းအား သုံးကြိမ်တိုင်တိုင် ချန်ပီယံဆုဖလားရယူနိုင်စေရေးအတွက် စွမ်းဆောင်နိုင်ခဲ့သူ ပီလီသည် ဥရောပရှိ ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတစ်ခုနှင့် ဆွစ်ဇာလန်နိုင်ငံရှိ ဘောလုံးကလပ်အသင်းတစ်သင်းတို့၏ အကူအညီကိုရယူလျက် ဘရာဇီးနိုင်ငံရှိ လူငယ်ဘောလုံးသမားများအတွက် လေ့ကျင့်ပေးရေးအစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘရာဇီးနိုင်ငံရှိ ဂွါန်ဒိုင်းယီမြို့တွင် လူငယ်ဘောလုံး လေ့ကျင့်ရေးသင်တန်းကျောင်းဖွင့်လှစ်နိုင်ရန် ဘယ်လ်ဂျီယံနိုင်ငံ လူဇင်ဘော့ဂ်မြို့ အခြေစိုက် အားကစားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီက ဒေါ်လာ သန်း ၃၀ ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါဘောလုံးလေ့ကျင့်ရေး သင်တန်းကျောင်းသည် အသက် (၁၄) နှစ်အထက် လူငယ်ဘောလုံးသမားများကို တစ်နှစ်လျှင်ဦးရေ ၁၀၀ အထိ မွေးထုတ်ပေးသွားမည်ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံရှိ ဒုတိယတန်းဘောလုံးပြိုင်ပွဲဝင် လော်ဆိန်းစပို့အသင်းသည် ဘရာဇီးတွင် အကောင်အထည်ဖော်မည့် အားကစားပညာရေးမြှင့်တင်ရေးအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ***အင်တာနက်***



**ဘရာဇီးလူမျိုး ဘောလုံးဘုရင် ပီလီအား ဖေဖော်ဝါရီ ၁၀ ရက်က ဆော်ပေါ်လိုမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ကာကာအား ခေါ်ယူရန် ရီးယဲလ်မဒရစ် ကြိုးပမ်း

**မဒရစ် ဖေဖော်ဝါရီ ၁၀**

ရီးယဲလ်မဒရစ်အသင်းသည် အေစီမီလန်အသင်း၏ ဘရာဇီးလူမျိုး ကွင်းလယ် ကစားသမား ကာကာအား ခေါ်ယူနိုင်ရန် ပြန်လည်ကြိုးပမ်းလာကြောင်း အေအက်စ် အားကစားနေ့စဉ် အမည်ရှိ သတင်းစာက ယနေ့ ရေးသားဖော်ပြသည်။

အေစီမီလန်အသင်းသည် ကစားကွက်ဖန်တီးရှင် ဘောလုံးသမားများကို စုစည်းလျက်ရှိသည်။ သို့ရာတွင် လွန်ခဲ့သည့်နှစ်မှစ၍ ယင်းအသင်းက စုစည်းထားသော ဘောလုံးသမားများအား ဝယ်ယူရန် ကမ်းလှမ်းမှုများနှင့် တွေ့ကြုံခဲ့ရသည်။

အကယ်၍ အေစီမီလန်အသင်းမှ ကာကာနုတ်ထွက်သွားပါက ရီးယဲလ်ဒင်ဟိုအား ဝယ်ယူနိုင်ရန် ကြိုးပမ်းလာဖွယ်ရှိကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ကာကာသည် ၂၀၀၃ ခုနှစ်မှစ၍ အေစီမီလန်အသင်းတွင် ပါဝင်ကစားခဲ့သည်။ ***အင်တာနက်***

# အီတလီ ဘောလုံးအသင်းများ လုံခြုံရေးစီမံချက် လိုက်နာရန်လို

**ရောမ ဖေဖော်ဝါရီ ၁၀**

အီတလီရှိ ဘောလုံးကလပ်အသင်းများသည် ဘောလုံးပွဲများကို ချောချောမွေ့မွေ့ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာသွားကြရမည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

အီတလီနိုင်ငံ စစ္စလီမြို့၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ဘောလုံးပွဲကျင်းပချိန်အတွင်း ပရိသတ်ဆူပူမှုဖြစ်ပွားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လူ ၁၀၀ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကာတာနီးယားနှင့် ပါလာမိုအသင်းတို့၏ ဘောလုံးပြိုင်ပွဲ၌ ပွဲဆူမှုဖြစ်ပွားခဲ့ပြီးနောက် ဆုကြေးစားဘောလုံးပြိုင်ပွဲများ ကျင်းပခြင်းကို ဆိုင်းငံ့ထားခဲ့သည်။

ယခုအခါ လုံခြုံရေးစီမံချက်များကို အီတလီအစိုးရက ရေးဆွဲထားပြီး စီးရီးဘီဘောလုံးပြိုင်ပွဲကို စနေနေ့တွင်လည်းကောင်း၊ စီးရီးအေ ဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့တွင်လည်းကောင်း ပြန်လည်ကျင်းပသည်။ ***အင်တာနက်***

# ရိုနယ်လ်ဒို ကြွခိုင်မှု နည်းပါး အရန်အဖြစ်သာ ကစားခွင့်ရ

**ရောမ ဖေဖော်ဝါရီ ၁၀**

အေစီမီလန်အသင်း၏ အသင်းသားသစ် ရိုနယ်လ်ဒိုသည် ကြံ့ခိုင်မှု နည်းပါးနေခြင်းကြောင့် ယင်းအသင်းတွင် ပွဲဦးထွက်အဖြစ် ခြေစွမ်းပြနိုင်ခြင်းမရှိသေးကြောင်း၊ တနင်္ဂနွေနေ့တွင် အိမ်ကွင်း၌ လီဗော်နိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲ၌ အရန်ဘောလုံးသမားအဖြစ်သာ အမြဲရှိနေမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

### တိုးတက်ကောင်းမွန်

ရိုနယ်လ်ဒို၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ဘောလုံးကစားရန် ၎င်းကို ခေါ်ယူထားသော်လည်း အရန်ဘောလုံးသမားအဖြစ်သာ ရှိနေမည်ဖြစ်ကြောင်း၊ အခွင့်အလမ်းသာလျှင် ၎င်းအနေဖြင့် ဘောလုံးအပြည့်အဝ ကစားနိုင်မည်ဖြစ်ကြောင်း အေစီ မီလန်အသင်းနည်းပြ ကာလိုစ်အင်ဘယ်လော်တီက ပြောကြားသည်။ ***အင်တာနက်***




**အေစီမီလန်အသင်း၏ အသင်းသားသစ် ရိုနယ်လ်ဒို။**
*(ဓာတ်ပုံ-အင်တာနက်)*

# ခရမ်းမြို့နှင့် မှော်ဘီမြို့များ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်း ခရမ်းမြို့ (၉)ရပ်ကွက် ဒေါ်အုန်းတံတားလမ်း ဦးထွန်းရွှေနေအိမ်၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၅ နာရီခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံးနှင့် စပါးတင်း ၂၀၀၊ ပဲစိမ်းတင်း ၂၀၀ မီးလောင်ခံရပြီး လူနှစ်ဦးသေဆုံးခဲ့သည်။

ရန်ကုန်တိုင်း မှော်ဘီမြို့ (၂)ရပ်ကွက် ဘိုးဘိုးကြီးနတ်စင်လမ်း သီတာရုံဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီ မိနစ် ၅၀ အချိန်ခန့်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ တိုက်ခံကျောင်း မီးလောင်ခံရပြီး ဘုန်းတော်ကြီးတစ်ပါး မီးလောင်ခံရ၍ ပျံလွန်တော်မူခဲ့သည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ၂၀၀၇ ခုနှစ် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရန် စီစဉ်ထားရှိမှုများနှင့် ညစာစားပွဲတွင် တင်ဆက်ကပြမည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ဝတ်စုံပြည့် အစမ်းကပြမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပထမ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပထမ ဒုတိယသမ္မတ ပါဗစ် ဒါဗူးဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)





# ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရန် စီစဉ်ထားရှိမှုများနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ ဝတ်စုံပြည့် အစမ်းကပြမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ညစာစားပွဲ တည်ခင်းရန် စီစဉ်ထားရှိမှုများနှင့် ညစာစားပွဲတွင် တင်ဆက်ကပြမည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၅ နာရီတွင် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ ညစာစားပွဲ တည်ခင်းဧည့်ခံရေးအတွက် ခင်းကျင်းစီစဉ်ထားရှိမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုနေ့ ညစာစားပွဲအပြီး တင်ဆက်ကပြမည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ညပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

## ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ၂၀၀၇ ခုနှစ် နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပပုံကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တို့က ထိုနေ့နံနက် ၇နာရီမှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမ ရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## ကြေးမုံ The Mirror နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



☆ **"ထာဝစဉ်ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်နဲ့၊ အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားနဲ့ လွတ်လပ်သောပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာကို ထာဝစဉ် အသက်ပေးကာကွယ်သွားဖို့ ဖြစ်တယ်။"**

အောင်မိုးစံ၏ **"လွတ်လပ်သောပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာကို ထာဝစဉ်ကာကွယ်သွားကြဖို့"**

(ဆောင်းပါး) စာမျက်နှာ ၆-၇

☆ ကေတုနီလာ၏ **"ပြည်ထောင်စုနေ့ အလင်္ကာ"** (ကဗျာ) စာမျက်နှာ-၇

☆ ရဲမင်းထက်၏ **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်"**

(ကာတွန်း) စာမျက်နှာ-၇